# ဗိုလ်အောင်ကျော်လမ်းကြေညာချက်

**ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေးအခြေအနေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့၏ သဘောထားကျေညာချက်**

**ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်အမှတ် (၁)**

၁၃၅၂ ခုနှစ် တော်သလင်းလဆန်း (၁၀) ရက်
၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၉) ရက်။

၁။ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီ (၂၁) ပါတီ (နောက်ဆက်တွဲစာရင်းတွင်ရှု) ကို စုစည်းထူထောင်ထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီများ၏ လူမျိုးစုရေးရာ မူဝါဒကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့သည် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၅) ရက်နေ့တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) ရုံး ၌ ပဏာမညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြပါသည်။

၂။ ယင်း ပဏာမညှိနှိုင်းဆွေးနွေးပွဲမှ သဘောတူညီချက်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများနိုင်ငံရေးပါတီများ၏ လူမျိုးစုရေးရာမူဝါဒကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ပထမဆုံးအကြိမ် စုံညီ အစည်းအဝေးကို ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဌာနချုပ်ရုံး၌ ကျင်းပခဲ့ပါသည်။

၃။ ယင်း စုံညီဆွေးနွေးပွဲမှ သဘောတူညီချက်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ဆက်သွယ်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ (အဖွဲ့ချုပ်၏ လူမျိုးစုဆိုင်ရာအဖွဲ့) သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ငင်းနိုင်ငံရေးပြဿနာများနှင့် စပ်လျဉ်း၍ ပုံမှန်ဆွေးနွေးပွဲများကို (၃) ကြိမ် ဆက်လက်ကျင်းပခဲ့ပါသည်။

၄။ ယင်း ပုံမှန်ဆွေးနွေးပွဲများမှ ညှိနှိုင်းသဘောတူညီချက်များအနက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လောလောဆယ်နှင့် ရေရှည်အကျိုးစီးပွားတို့ကို ရှေ့ရှုလျက်၊ နှစ်ဦးနှစ်ဘက် တူညီသောသဘောထားများကို အောက်ပါအတိုင်း ပူးတွဲကြေညာအပ်ပါသည်။

(က) ၁၉၉၀ ပြည့်နှစ် ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၁) ရက်နေ့အထိ ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းရှိ ဝိုင်အမ်စီအေ ခန်းမတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိစုံညီအစည်းအဝေးနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီပေါင်းစုံ ဒုတိယအကြိမ် အစည်းအဝေးမှ လက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၈) ရက်နှင့် (၂၉) ရက်နေ့က ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ ဂန္ဒီခန်းမဆောင်တွင် ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့နှင့် အဖွဲ့ချုပ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပထမအကြိမ် ပဏာမညှိနှိုင်းအစည်းအဝေးမှ တညီတညွတ်တည်း အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များသည် တသဘောတည်းရှိကြောင်း ထုတ်ဖော်ကြပါသည်။

၎င်းဆုံးဖြတ်ချက်များမှာ ...

(၁) ကျင်းပပြီးစီးခဲ့သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပြီး ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၂)၊ ပုဒ်မ (၃) အရ ပြည်သူ့လွှတ်တော်ကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ခေါ်ယူဖွဲ့စည်းရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တောင်းဆိုကြောင်း။

(၂) ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လုံးလုံးလျားလျား အများစုအနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာပိုင်ကိုယ်စားလှယ်အဖွဲ့နှင့် နဝတအာဏာပိုင် ကိုယ်စားလှယ်အဖွဲ့၏တို့ အမြန်ဆုံးတွေ့ဆုံညှိနှိုင်းရေးအတွက် တိုက်တွန်းကြောင်း။

(၃) မြန်မာနိုင်ငံ၏ လောလောဆယ် အကျိုးစီးပွားနှင့် ရေရှည်အနာဂတ် အကျိုးစီးပွားများကို ရှေ့ရှု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တိုက်တွန်းကြောင်း။

(၄) ဒီမိုကရေစီ အခွင့်အရေးများ ရရှိရေးနှင့် ပြည်သူ့လွှတ်လပ်ခွင့် ကန့်သတ်ထားမှုများကို ရုပ်သိမ်းပေးရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တောင်းဆိုကြောင်း။

အထက်ပါဆုံးဖြတ်ချက်များကို အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က ထပ်လောင်းတိုက်တွန်းသည်။

(ခ) ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာပြီးလျှင် ပြည်သူ့လွှတ်တော်က တင်မြှောက်သော အစိုးရဖွဲ့စည်းပြီး အလျင်အမြန်ဆုံးသော ကာလအတွင်း ပြည်သူ့လွှတ်တော်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးများနှင့် ပါဝင်သင့်ပါဝင်ထိုက်သော အဖွဲ့အစည်းများ/လူပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသားညှိနှိုင်းမှုညီလာခံကြီးတရပ် ကျင်းပ၍ ပြည်ထောင်စု ထူထောင်ရေးအတွက် လမ်းညွှန်မှုများ ချမှတ်မည်။ ယင်း လမ်းညွှန်မှုများနှင့်အညီ ပြည်သူ့လွှတ်တော်က ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်တရပ်ကို ရေးဆွဲပြဋ္ဌာန်းအတည်ပြုရမည်ဟု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က တညီတညွတ်တည်း သဘောတူကြသည်။

(ဂ) တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည့်အပြင်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ထူထောင်ရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တညီတညွတ်တည်း သဘောတူကြသည်။

၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေးပြဿနာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားရန်နှင့် ဒီမိုကရေစီဘက်တော်သား အခြားနိုင်ငံရေးပါတီများနှင့်လည်း သွေးစည်းညီညွတ်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားရန် သဘောတူကြသည်။

၆။ ဤ ပူးတွဲကြေညာချက်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၃၉၃) ရှိ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်ရုံး) အစည်းအဝေးခန်းမတွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုး၍ ပူးတွဲထုတ်ပြန်ကြေညာလိုက်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## နောက်ဆက်တွဲစာရင်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်နယ် (၇) ခုနှင့်တကွ၊ တိုင်းအချို့မှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအဖွဲ့အစည်း ပါတီများကို စုစည်းတည်ထောင်ထားသောတပ်ပေါင်းစုတရပ်ဖြစ်ပြီး အောက်ပါ အဖွဲ့အစည်း ပါတီများ ပါဝင်သည်။

(၁) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
(၂) မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃) တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၄) ကရင်ပြည်နယ် အမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်
(၅) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၆) ကယားပြည်နယ်လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်
(၇) ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်
(၈) ဇိုမီးအမျိုးသားကွန်ဂရက်
(၉) တောင်သူလယ်သမား၊ ကဒူး၊ ကနန်းနှင့် ရှမ်းအမျိုးသား သွေးစည်းညီညွတ်ရေးဒီမိုကရေစီအဖွဲ့ချုပ်
(၁၀) ကချင်အမျိုးသားလုံးဆိုင်ရာကွန်ဂရက်
(၁၁) မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့
(၁၂) ကယန်းအမျိုးသား စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့
(၁၃) ကချင်ပြည်နယ် အမျိုးသားများ ဒီမိုကရက်တစ်ပါတီ
(၁၄) အင်းအမျိုးသားအဖွဲ့ချုပ်
(၁၅) ရခိုင်အမျိုးသားလူမှုဘဝ မြှင့်တင်ရေးအဖွဲ့ (မရမာကြီး)
(၁၆) ပြည်ထောင်စု ပအိုဝ်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၇) ကရင်အမျိုးသားဒီမိုကရေစီ ကွန်ဂရက်
(၁၈) မရာပြည်သူ့ပါတီ
(၁၉) လီဆူးအမျိုးသား သွေးစည်းခိုင်မာရေးအဖွဲ့
(၂၀) "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၂၁) လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် မပါဝင်သေးသော်လည်း၊ မူဝါဒရေးရာများနှင့် အကျိုးတူလုပ်ငန်းများတွင် ပူပေါင်းလက်တွဲပါဝင်လျက်ရှိသောတိုင်းရင်းသားနိုင်ငံရေးပါတီများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
(၂) ကချင်ပြည်နယ်အမျိုးသားများ ဒီမိုကရေစီကွန်ကရက်
(၃) နာဂတောင်တန်းဒေသ တိုးတက်ရေးပါတီ

ထို့ပြင် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်မဲဆန္ဒနယ် တသီးပုဂ္ဂလအမတ် ဦးလျန်အုပ်နှင့် ထန်တလန်မြို့နယ်မဲဆန္ဒနယ် တသီးပုဂ္ဂလ အမတ် ဒေါက်တာမူထန်တို့လည်း ပူးတွဲပါဝင်လျက်ရှိသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် အထက်ဖေါ်ပြပါ နိုင်ငံရေး အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများကို ကိုယ်စားပြုပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ**

| စဉ်။ | အမည် | အဖွဲ့အစည်းတာဝန် | လက်မှတ် |
|---|---|---|---|
| ၁ ။ | ဦးအောင်ရွှေ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် | |
| ၂ ။ | ဦးကြည်မောင် | – ။ – | |
| ၃ ။ | ဦးချစ်ခိုင် | – ။ – | |
| ၄ ။ | ဦးလွင် | – ။ – | |
| ၅ ။ | ဒေါ် မြင့်မြင့်ခင် | – ။ – | |
| ၆ ။ | ဦးရွှေ | – ။ – | |
| ၇ ။ | ဦးခင်မောင်ဆွေ | – ။ – | |
| ၈ ။ | ဦးစိုးသိမ်း (မောင်ဝံသ) | – ။ – | |
| ၉ ။ | ဦးကျော်မင်း | – ။ – | |
| ၁၀။ | ဦးချမ်းအေး | – ။ – | |
| ၁၁။ | ဦးကြီးတူရိန် (ကချင်) | ဗဟိုဦးစီးအဖွဲ့ဝင် | |
| ၁၂။ | ဦးတင်ဦး (ကယား) | – ။ – | |
| ၁၃။ | ဦးသန်းနိုင် (ကရင်) | – ။ – | |
| ၁၄။ | ဦးစီဗင်ကြူး (ချင်း) | – ။ – | |
| ၁၅။ | ဦးရဲထွင့် (မွန်) | – ။ – | |
| ၁၆။ | ဦးထွန်းအောင်ကျော် (ရခိုင်) | – ။ – | |
| ၁၇။ | ဦးအုန်းမောင် (ရှမ်း) | – ။ – | |

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များ**

| | | |
|---|---|---|
| ၁။ | ဦးငွေသိမ်း | အမြဲတမ်းသဘာပတိအဖွဲ့ဝင် |
| ၂။ | ဦးစီကေတိုက်ကွဲလ် | – ။ – |
| ၃။ | ဦးအေးဖေ | – ။ – |
| ၄။ | ဦးစောသန်းရှိန် | – ။ – |
| ၅။ | ဦးဒယ်နီရယ်အောင် | – ။ – |
| ၆။ | ဦးအေးသာအောင် | အတွင်းရေးမှူးအဖွဲ့ဝင် |
| ၇။ | ခွန်တင်ရွှေ | – ။ – |
| ၈။ | ဆလိုင်းလျန်မှုန်း | – ။ – |
| ၉။ | နိုင်အောင်မြင့် | – ။ – |
| ၁၀။ | ဒေါက်တာအောင်တင်ဦး | – ။ – |
| ၁၁။ | ခွန်ထွန်းဦး | တိုင်းရင်းသားလူမျိုးစုရေးရာ ကော်မတီနှင့် လုပ်ငန်းကော်မတီဝင် |
| ၁၂။ | စိုင်းအိုက်ပေါင်း | – ။ – |
| ၁၃။ | နိုင်ခင်မောင် | – ။ – |
| ၁၄။ | ဦးသာဘန်း | – ။ – |